"၂၀ ရာစု၏ ဒုတိယနှစ်ငါးဆယ်မှစ၍ ကမ္ဘာ၏ဒေသအများအပြားတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ကြသည်။ ဥရောပသမဂ္ဂဆိုသည့် အောင်မြင်မှု သရဖူဆောင်းထားသော အဖွဲ့အစည်းအား လူများစုက လေးစားအားကျကာ အာရုံစူးစိုက်ခဲ့ကြသည်။ သို့တိုင်အောင် ကျွန်ုပ်တို့၏ အသိအမှတ်ပြုမှုကို ခံယူထိုက်သည့် နောက်ထပ်အဖွဲ့အစည်း တစ်ရပ်ရှိနေပါသေးသည်။ ၎င်းမှာ အာဆီယံဖြစ်သည်၊ အရှေ့တောင်အာရှအနှံ့တွင် ငြိမ်းချမ်းရေးချမ်းသာကြွယ်ဝရေးနှင့် အသွင်မတူကြသည့် နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အာဆီယံ၏ ကူညီထောက်ပံ့မှုများကား ပြောပြ၍ကုန်နိုင်ဖွယ်မရှိပေ။ ၎င်း၏အကျိုးသက်ရောက်မှုကို အစဉ်အလာအားဖြင့် ပိုမိုရှုပ်ထွေးပြီး ကွဲပြားခြားနားနေသော ကမ္ဘာ့ဒေသများအနက်မှတစ်ခုဖြစ်သည့် ဤဒေသနေ သန်းပေါင်းများစွာသော ပြည်သူအပေါင်းက ကောင်းစွာသိရှိ နားလည်ကြသည်။ ဤစာအုပ်ကား အထူးသဖြင့်အာဆီယံနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများသည် ခေတ်သစ်နိုင်ငံတကာ ဗိသုကာပညာ၏ အရေးပါသည့် အင်္ဂါရပ်တစ်ခုဖြစ်ကြောင်း၊ အချိန်မီ သတိပေးနှိုးဆော်ချက်တစ်ရပ်ပင် ဖြစ်တော့သည်။

— ကိုဖီအာနန် ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း

"အာဆီယံနှင့်ပတ်သက်သည့် ဤစာအုပ်က Musyawarah နှင့် Mufacat တို့၏ လက်တွေ့ကျသော အင်ဒိုနီးရှားအတွေးအမြင်သည် အာဆီယံအတွက် မည်သို့အရေးပါနေသည်ကို ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်မှုဖြင့် ကမ္ဘာ့အောင်မြင်မှုအရှိဆုံး ဒေသဆိုင်ရာအဖွဲ့အစည်းများအနက်မှ တစ်ခုဟုဆိုရမည့် အရှေ့တောင်အာရှဒေသ၏ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးတို့ကို အခြေခံကျကျ ပြောင်းလဲပေးခဲ့သည်။ ဤအဖွဲ့အစည်းကို ထုဆစ်ပုံဖော်ထူထောင်နိုင်ခဲ့သည်။ အာဆီယံသည် အန္တရာယ်ထူပြောဖွယ်ရှိသော နောက်နှစ်ငါးဆယ်ကြာမြင့်မည့် ခရီးသစ်တစ်ခုကို စတင်လျှောက်လှမ်းလိုက်ပြီဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် အာဆီယံ၏ အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သော လမ်းညွှန်တစ်ရပ်အဖြစ် ဤစာအုပ်ကို ဖတ်ရှုသင့်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အောင်မြင်မှုကို ပေါ့ပေါ့တန်တန်သဘောထား၍ မရနိုင်ပေ။ ကျွန်ုပ်တို့သည် အာဆီယံကို ပိုမိုကြံ့ခိုင်တောင့်တင်းလာစေရန် ပို၍အင်အားစိုက်ထုတ်လုပ်ကိုင်ရမည်။ လိုအပ်လျှင် အာဆီယံကို ထပ်မံတီထွင်ရမည်။ မည်သို့ဆောင်ရွက်ရမည်ကို ဤ စာအုပ်က ရှင်းပြထားသည်"။

— ဒေါက်တာဆူဆီလိုဘမ်ဘန်ယူဒိုယိုနို၊
အင်ဒိုနီးရှားနိုင်ငံ၏ဆဋ္ဌမမြောက်သမ္မတ

"အာဆီယံသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဆယ်စုနှစ်ငါးခုနီးပါး အောင်မြင်စွာထိန်းသိမ်းထားနိုင်ခဲ့သည်၊ အာဆီယံ၏ ယုံရခက်လှသည့် အောင်မြင်မှုမှာ အဓိကအချက်နှစ်ခုကြောင့်ဟု ကျွန်တော်ပြောလိုသည်။ ပထမအချက်မှာ အာဆီယံကို တည်ထောင်ခဲ့သည့်ခေါင်းဆောင်များသည် အရှေ့တောင်အာရှနိုင်ငံများအကြား သဘောထားကွဲလွဲမှုများကို တိုးတိုးတိတ်တိတ်ဖြေရှင်းကြရန်နှင့် မိမိတို့ ပြည်သူများ၏ နေထိုင်မှုဘဝကို အာမခံရန်နှင့် အဆင့်မြှင့်တင်ရန် အလို့ငှာအားလုံးနှင့်သက်ဆိုင်သည့် ခြိမ်းခြောက်မှုများကိုအတူ လက်တွဲရင်ဆိုင်ကြရန်ဟူသော တူညီသည့်မျှော်မှန်းချက် တစ်ရပ်ကို မြဲမြံစွာကိုင်စွဲထားခဲ့ကြသည်။ သို့ရာတွင် အာဆီယံကို တည်ထောင်အပြီး စောစောပိုင်းနှစ်များတွင် ထိပ်သီးအစည်းအဝေးများကို ရံဖန်ရံခါသာ ကျင်းပဖြစ်ခဲ့သည်။ တိတိကျကျပြောရလျှင် ကျွန်တော် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည့် ၁၉၉၀ ပြည့်နှစ်ထိ အာဆီယံခေါင်းဆောင်များသည် သုံးကြိမ်သာတွေ့ဆုံဖြစ်ခဲ့ကြသည်။ ဒုတိယအချက်မှာ နောက်ပိုင်းတွင် ရာထူးဆက်ခံလာကြသည့် မျိုးဆက်သစ် အာဆီယံခေါင်းဆောင်များသည် ဤဒေသ၏ ဘုံကောင်းကျိုးအတွက် ရင်းနှီးစွာ အတူလက်တွဲလုပ်ကိုင်နိုင်စွမ်း ရှိကြသည်။ အာဆီယံ ထိပ်သီးအစည်းအဝေးများကို နှစ်စဉ် မှန်မှန်ကျင်းပသွားရန် ကျွန်တော်တို့ သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းကြောင့် ယခင်ကထက်ပိုမိုစနစ်ကျလာခဲ့သည်။ အပြန်အလှန် ထိတွေ့ဆက်ဆံနိုင်မည့်အခွင့်အလမ်းများ ပိုမိုရရှိလာသည်နှင့်အမျှ အာဆီယံခေါင်းဆောင်များအကြား ဆက်ဆံရေးမှာ ရှေးကထက်ပိုမို ရင်းနှီးကျွမ်းဝင်လာကြရာ ကျွန်တော်တို့၏ ဆက်ဆံမှုမှာ ယခင်ကလောက် အလုပ်သဘောမဆန်တော့ချေ။ အဆိုပြုချက် အမြောက်အမြား ပေါ်ထွက်လာခဲ့သည်၊ ရှေးဦးစွာ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်မှ အစပြုကာ နောက်ပိုင်း

တွင် အာဆီယံဘုံဈေးနှင့် အာဆီယံ + ၃နှင့် အခြားဆွေးနွေးပွဲများအထိ ကျယ်ပြန့်လာခဲ့သည်။

မည်သို့ရှိစေ၊ အာဆီယံသည် အဖုအထစ်ကင်းသည့် စင်းလုံးချော အဖွဲ့အစည်းတစ်ခုတော့ မဟုတ်ပေ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတူတကွ လုပ်ဆောင်နိုင်သော အရာများအား အထူးသဖြင့် ဒေသတွင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ကျွန်တော်တို့၏ စည်းလုံးမှု ခိုင်မာလာစေရန် ယခုထက်များစွာ ပိုမိုလုပ်ဆောင်နိုင်သည်။ ကီရှိုးနှင့် ဂျက်ဖရီတို့၏စာအုပ်က အာဆီယံ၏ ရှေ့လမ်းစဉ်အတွက် ကျိုးကြောင်းခိုင်လုံသော အဆိုပြုချက်များကို အသင့်ပြင်ဆင်ပေးသည်။ ဤစာအုပ်သည် ပထဝီနိုင်ငံရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သူများအတွက် ဖတ်ရှုလေ့လာထိုက်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။”

— ဂိုချုပ်တောင် ၊ ဝါရင့်ဝန်ကြီးဟောင်း၊ စင်ကာပူ။

အာဆီယံကို ဘန်ကောက်မြို့တွင် မွေးဖွားသန့်စင်ခဲ့သည်။ ဤထိုင်းကလေးငယ်သည် ကမ္ဘာ့အလယ်တွင် အံ့ဖွယ်အောင်မြင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့သည်ဆိုသော အဖြစ်မှန်ကား ထိုင်းနိုင်ငံအတွက် အကြီးအကျယ် ဂုဏ်ယူဖွယ်ကောင်းလှသည်။ အမှန်စင်စစ် AFTA နှင့် ASEM အပါအဝင် ထူးခြားသည့် အာဆီယံ၏ အောင်မြင်မှုအများအပြားကို ထိုင်းနိုင်ငံက စတင်အဆိုပြုခဲ့ခြင်း ဖြစ်သည်။ ကီရှိုးနှင့် ဂျက်ဖရီတို့သည် ဤအောင်မြင်မှုဇာတ်လမ်းကို မှတ်တမ်းပြုစုရင်း၊ အာဆီယံကို ယခုထက် ပိုမိုကြံ့ခိုင်တောင့်တင်းစေမည့် နိုင်လုံသော အဆိုပြုချက်များကိုတင်ပြရင်း ဤကမ္ဘာကြီးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်စေရန် လုပ်ဆောင်နိုင်ခဲ့သည်။ အာဆီယံအရေးကိစ္စများကို စိတ်ပါဝင်စားသူများအားလုံး မဖြစ်မနေ ဖတ်ရမည့်စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

— အာနန်ပန်ယာရာချွန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း

ဤကမ္ဘာကြီးသည် ယဉ်ကျေးမှုများ ပေါင်းစည်းမှုတစ်ရပ်အသွင်ဖြင့် အတူတကွ လာရောက်စုဝေးလျက်ရှိကြသည်ဟု ကီရှိုးနှင့် ကျွန်တော်ရေးသားခဲ့ကြသည်။ ဤပေါင်းစည်းမှုကို အာဆီယံက မည်သို့ရယူပေးနိုင်ခဲ့သည်ကို ဤစာအုပ်တွင် ဖတ်ချင်စဖွယ် မှတ်တမ်းပြုစုထားသည်။ အာဆီယံဇာတ်လမ်းသည် ဗဟုသုတများစွာရရှိစေပြီး ဤစာအုပ်တွင် ၎င်းကို ပြည့်စုံစွာ ဖော်ပြထားသည်”

— လောရင့်(စ်)ဒဗလျူဆမ္မား(စ်)၊
ဟားဗတ်တက္ကသိုလ်အငြိမ်းစား ဆရာများအဖွဲ့ဥက္ကဋ္ဌနှင့်
အမေရိကန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဟောင်း

“ကျွန်တော်တို့သည် ပဋိပက္ခအခြေအနေမျိုးထဲတွင် နေထိုင်လျက်ရှိကြသည်။ လွတ်လပ်ပွင့်လင်းသော ကုန်သွယ်မှုကို အသားပေးသည့် ကမ္ဘာလုံးဆိုင်ရာသဘောတူညီမှုရရှိရေးမှာ တဖြည်းဖြည်း အလှမ်းဝေးလာနေသည်။ ကိုယ်ကျိုးစီးပွားကာကွယ်မှုကို တွန်းလှန်ရန် လိုအပ်မှုနှင့်ပတ်သက်၍ အင်တိုက်အားတိုက် သွက်လက်ချက်ချာစွာ ထပြောမည့်သူဟူ၍ ကျွန်တော်တို့ထဲတွင် တစ်ဦးတစ်လေမျှ မရှိ။ ဤအကြောင်းကြောင့် အာဆီယံနှင့်ပတ်သက်သည့် ဤစာအုပ်ထွက်လာခြင်းသည် အချိန်ကိုက်လွန်းလှသည်။ ၎င်းက တတိယကမ္ဘာမှဒေသတစ်ခုသည် လွတ်လပ်ပွင့်လင်းသော ကုန်သွယ်မှုနှင့် စီးပွားရေးပေါင်းစည်းမှုကြောင့် သွက်လက်ထက်မြက်သည့် စီးပွားရေးအင်အားကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ပုံကို ဖော်ပြထားသည်။ ၂၀၅၀ ပြည့်နှစ်အရောက်၌ ကမ္ဘာပေါ်တွင် စတုတ္ထစီးပွားရေး အင်အားအကြီးဆုံးဖြစ်လာရန် တာစူနေသည့် အာဆီယံသည် အခြားနိုင်ငံများ၊ အုပ်စုများကအားကျ အတုယူဖွယ် အဖွဲ့တစ်ခုအဖြစ် လုပ်ဆောင်နိုင်သည်။ စာရေးသူများက အာဆီယံကို အဖွဲ့အစည်းအလိုက် ယခုထက် ပိုမိုကြံ့ခိုင်တောင့်တင်းအောင်မည်သို့ လုပ်ဆောင်နိုင်ကြောင်းကိုလည်း ဖော်ပြထားသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အရင်းအမြစ်များ ပိုမိုလိုအပ်လျက်ရှိသည်။ ဤစာအုပ်သည် ကမ္ဘာတစ်ဝန်းမှ မူဝါဒချမှတ်သူများ မဖြစ်မနေဖတ်ရှုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

— ပါစကယ်လ်လာမီ

ညွှန်ကြားရေးမှူးချုပ်ဟောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်

“အာဆီယံသည် အရေးပါသည်ဟု အသိအမှတ်ပြုမခံရသည့်ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်း၏နှစ်အလိုက် တိုးတက်မှုမှာ နှေးကွေးသည်ဟု ထင်ရသည်။ တစ်ခါတစ်ရံတွင် နောက်ပြန်ဆုတ်နေသည်ဟုပင် ထင်စရာဖြစ်နေသည်။ မည်သို့ရှိစေ အရှေ့တောင်အာရှကို စစ်အေးတိုက်ပွဲကာလနှင့် စစ်အေးတိုက်ပွဲအလွန်ကာလများ၏ သမိုင်းတစ်လျှောက် ကြုံတွေ့ရသမျှ အဖြစ်အပျက်မျိုးစုံနှင့် နှိုင်းယှဉ်ကြည့်လျှင် အာဆီယံသည် မှတ်သားဖွယ်ကောင်းသော အောင်မြင်မှုတစ်ခု ဖြစ်လာခဲ့သည်။ အရေးပါဆုံးအချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ရံဖန်ရံခါ အငြင်းပွားမှုများ ပေါ်ပေါက်လာလင့်ကစား ရင်းနှီးချစ်ကြည်သော ဆက်ဆံမှုများကို ၎င်းက ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်သည်။ စစ်ဒဏ်ခံခဲ့ရသည့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့အား အာဆီယံအတွင်းသို့ အဖွဲ့ဝင်သစ်များအဖြစ် အထိုက်အလျောက် အဆင်ပြေချောမွေ့စွာ ထည့်သွင်းနိုင်လခဲ့သည်။ မြန်မာနိုင်ငံအား စစ်အစိုးရတစ်ရပ်ထံမှ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသော အစိုးရတစ်ရပ်လက်သို့ ငြိမ်းချမ်းစွာ လွှဲပြောင်းပေးမှုမှာ အာဆီယံ၏ အကျိုးဆောင်မှုကြောင့် အကောင်အထည်ဖော်နိုင်ခဲ့သည့် အံ့ဖွယ်သရဲအောင်မြင်မှုတစ်ရပ်ဖြစ်သည်။ အာဆီယံ စီးပွားရေးအင်အားကြီးနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးဖြစ်လာရန် လမ်းကြောင်းမှန်ပေါ်ရောက်နေသော ကျယ်ပြန့်လာနေသည့် တရုတ်နိုင်ငံ၏ စီးပွားရေး နယ်ပယ်တစ်ရပ်အတွင်းသို့ တစ်နေ့တခြားပိုမိုဝင်ရောက် ပေါင်းစည်းမိကြခြင်းဖြင့် ၎င်းတို့အားလုံးသည် ယခုအခါ အကျိုးဖြစ်ထွန်းနေကြပြီ ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးမှုတိုးတက်မှုသည် နောက်ထပ်တွန်းအားတစ်ရပ် ဖြစ်လာပေလိမ့်မည်။ အာဆီယံ၏ အစားထိုးမရနိုင်သော သံတမန်နည်းပရိယာယ် ကြွယ်ဝမှုကို ဆက်လက် စမ်းသပ်မှုတစ်ရပ်ဖြစ်လာမည့် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေးတစ်ရပ်ရှိပါက ဤ ၂၁ ရာစုတွင် အာဆီယံအတွက် အလားအလာသည် ထွန်းလင်းတောက်ပလျက်ရှိပေသည်။ ဤစာအုပ်သည် ကီရှိုးနှင့် ဂျက်ဖရီတို့ ရေးသားထားသော အပြည့်စုံဆုံး စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်တွင် အာဆီယံသည် မည်သည့်နည်းနှင့် မည်သည့်အကြောင်းကြောင့် ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံး အဖွဲ့အစည်းများအနက်မှ တစ်ခုဖြစ်လာခဲ့သည်ကို ရှင်းလင်းလွယ်ကူသော ဝေါဟာရများဖြင့် တင်ပြထား

သည်။ အာဆီယံ သံတမန်လောကတွ
သူ၏ အတွေ့အကြုံပေါ် အခြေခံ၍
အယွင်းများကိုလည်း လျှော့ပေါ့ရေးသ
လောကတွင် ဖော်ပြလေ့ရှိသော အာ
စကားဝိုင်းတစ်ခုသာ ဖြစ်သည်ဆိုသေ
ပြန်လည်တည့် မတ်ပြုပြင်ပေးထားသ
ငြိမ်းချမ်းရေးအတွက် အရေးပါသည့်
ဖြစ်ပေသည်။

— ဂျော့(ချ်)

“နိုင်ငံများ ရင်းနှီးချစ်ကြည်စွာ
အနောက်တိုင်းအယူအဆ နောက်ဆု
အက်(စ်)အင်းတို့၏ လက်ရာဖြစ်သော
နိုင်ငံငယ်များအများစုအဖွဲ့တစ်ခုက ငြိမ်
တွင် မည်သို့ဦးဆောင်လမ်းပြနိုင်သည်
လောက်သော သတိပေးနှိုးဆော်ချက်
မှန်သမျှကို တွန်းလှယ်ဖယ်ရှားပစ်ကာ
အဘယ်ကြောင့်အာရှတိုက်နှင့် ကမ္ဘာက
သည်ကိုအချက်အလက်ခိုင်မာစွာနှင့်
စာအုပ် တစ်အုပ် ဖြစ်သည်။

— အမီတက် အချာရီယ
နိုင်ငံတက

“လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထေ
တောင် အာရှဒေသအနှံ့သို့ အလုံးအရ
နိုင်ငံသည် ပြန်လည်နိုးထရန်နှင့် ဤဒေ
မှုများကို ပြန်လည်ထူထောင်ရန်အားယူ

င် ကာလကြာမြင့်စွာ ကျင်လည်လာခဲ့သည့်
အာဆီယံ၏ အားနည်းချက်များနှင့် အမှား
ားခြင်းမပြုဘဲ အနောက်တိုင်း စာနယ်ဇင်း
ဗီယံသည် ဆွေးနွေးငြင်းခုံရုံထက်မပိုသည့်
ာ မှားယွင်းသည့်အမြင်တစ်ရပ်ကို ကီရှိုးက
ည်။ အမှန်အားဖြင့် ၎င်းသည်အာရှတွင်
 အထောက်အကူပြု အဖွဲ့အစည်းတစ်ခု

သိုး ၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဟောင်း

 အတူလက်တွဲလုပ်ကိုင်သင့်သည်ဟူသော
ာ်သွားချိန်၌ ကီရှိုးမားဘူဘာနီနှင့် ဂျက်ဖရီ
"အာဆီယံအားမာန်" စာအုပ်သည် ဖွံ့ဖြိုးဆဲ
းချမ်းရေးနှင့် တိုးတက်ရေးတည်ဆောက်ရာ
ကို စိတ်အေးချမ်းသာစွာ ယုံကြည်အားကိုး
ာစ်ရပ်ဖြစ်သည်။ အာဆီယံအဟန့်အတား
 ဤဒေသအား မည်သို့ပြောင်းလဲပေးခဲ့ပြီး
 ယခုအခါ၌ ၎င်းအားပို၍ပင် လိုအပ်လာရ
 စိတ်အားတက်ကြွစွာ တင်ပြထားသည့်

ာ၊ ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးဌာန၊
ကာရေးရာကျောင်း၊ အမေရိကန်တက္ကသိုလ်

ာင်က အိန္ဒိယနိုင်ငံသားများသည် အရှေ့
းဖြင့် ဝင်ရောက်ခဲ့သည်။ ယခုအခါ အိန္ဒိယ
သနှင့် ၎င်း၏သမိုင်းတစ်လျှောက် ဆက်ဆံ
နေရသည်၊ အိန္ဒိယနိုင်ငံသည် အာဆီယံ၏

ဖောင်မြင့်မှုမှ များစွာသင်ယူရဦးမည်ဖြစ်ရာ ဤစာအုပ်သည် စတင်ဆည်းပူးရမည့် အကောင်းဆုံးတာထွက်မှတ်ပင် ဖြစ်သည်။"

— ဂူ(ရ်)ချာရန်ဒါ့(စ်)၊ ရောင်းရအတွင်ကျယ်ဆုံးစာအုပ်ဖြစ်သည့်
***India Unbound* ကို ရေးသားသူ။**

"ပြီးခဲ့သည့်နှစ်များအတွင်း ကီရှိုးမာဘူဘာနီသည် အပြောကောင်းပြီး အမြော်အမြင်ကြီးမားသကဲ့သို့ ကမ္ဘာ့ရေးရာများတွင် အာရှ၏အခန်းကဏ္ဍ ပိုမိုရရှိရေးအတွက် ဦးဆောင်ဦးရွက်ပြုရာ၌လည်း မမောနိုင် မပန်းနိုင်လှုပ်ရှားခဲ့သည်။ ဤအထင်ကြီး လေးစားဖွယ်ကောင်းသော စာအုပ်တွင် မာဘူဘာနီနှင့် အက်(စ်)အင်းတို့က အရှေ့တောင်အာရှ၏ တက်လမ်းအတွက် ကြီးပမ်းမှုအဖုံဖုံနှင့် အာဆီယံအား ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အထောက်အကူပြုနေသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် အသိအမှတ်ပြုရန် မကြာခဏဝန်လေးနေကြပုံကို ပြောပြထားသည်။ ဤ စာအုပ်တွင် အတိအလင်း ဖော်ပြထားသည့်အတိုင်းဆိုလျှင် မပြီးဆုံးသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေသည့် အာဆီယံသည် တူညီသော အကြောင်းတရားကို ရှာဖွေဖော်ထုတ်ရာတွင် ဒေသတွင်းနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် လက်တွဲလုပ်ကိုင်ရန် ပထဝီအနေအထားအရ ထူးခြားစွာတည်ရှိနေသည်။ သို့သော် အာဆီယံသည်လည်း လျစ်လျူရှုမှုနှင့် ကျဆင်းမှုတို့ကို တားဆီးကာကွယ် နိုင်စွမ်းမရှိချေ။ နိဂုံးချုပ်တွင် စာရေးသူများက အာဆီယံခေါင်းဆောင်မှုတစ်ခေတ်ဆန်းလာရေးအတွက် အင်တိုက်အားတိုက် ဆွေးနွေးညှိနှိုင်းမှုတစ်ရပ်ကို စတင်ကြရန် အကြံပြုတိုက်တွန်းထားသည်"။

— ဂျီ ၊ ဂျွန်အိုက်ကင်ဘယ်ရီ၊ အဲလ်ဘတ်ဂျီမစ်လ်ဘင့်၊
နိုင်ငံရေးနှင့် နိုင်ငံတကာရေးရာ ပါမောက္ခ၊ ပရင့်စတန်တက္ကသိုလ်

ာတိကာ

ကျေးဇူးတင်လွှာ
ပူးတွဲရေးသားပြုစုသူ ကစ်ရှိုးမာဘူဘာနီ၏အမှာစာ
ဘာသာပြန်ဆိုသူ၏ အမှာစာ
နိဒါန်း ၁

အခန်း (၁)

လှိုင်းလုံးကြီးလေးလုံး ၂၉
အိန္ဒိယလှိုင်းလုံး ၃၄
တရုတ်ယဉ်ကျေးမှုလှိုင်းလုံး ၄၆
မူဆလင်တို့ ဝင်ရောက်လာခြင်း ၅၃
အနောက်တိုင်းသားများ ဝင်ရောက်လာခြင်း ၆၄

အခန်း (၂)

အာဆီယံ၏ငြိမ်းချမ်းရေး ဂေဟစနစ် ၈၃
ပထမအကြောင်းတရားဖြစ်သော ကွန်မြူနစ်ဝါဒကို ထိတ်လန့်ကြောက်ရွံ့မှု ၉၃
ဒုတိယအကြောင်းအချက် - နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်များ၏ အခန်းကဏ္ဍ ၁၀၇
တတိယအကြောင်းအချက် ပထဝီနိုင်ငံရေးကံထူးမှု ၁၁၈
စတုတ္ထအကြောင်းအချက်ဈေးကွက်စီးပွားရေးမူဝါဒများ ၁၂၅
ပဉ္စမအကြောင်းအချက် အာဆီယံအခြေစိုက်ဒေသဆိုင်ရာ ကွန်ရက်များ ၁၃၅

အခန်း (၃)

အာဆီယံနှင့် အင်အားကြီးနိုင်ငံများ ၁၃၉
အာဆီယံနှင့် အမေရိကန်ဆက်ဆံရေး ၁၅၂
အာဆီယံနှင့် တရုတ်ဆက်ဆံရေး ၁၈၁
အာဆီယံနှင့် ဥရောပဆက်ဆံရေး ၂၀၀
အာဆီယံနှင့် အိန္ဒိယ ၂၂၈
အာဆီယံနှင့် ဂျပန် ၂၃၉

အခန်း (၄)

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြောင်း အကြမ်းဖျင်းဖော်ပြခြင်း ၂၅၃
ဘရူနိုင်းနိုင်ငံ ၂၆၁
ကမ္ဘောဒီးယား ၂၆၆
အင်ဒိုနီးရှားနိုင်ငံ ၂၇၀
လာအိုနိုင်ငံ ၂၇၉
မလေးရှားနိုင်ငံ ၂၈၅
မြန်မာနိုင်ငံ ၂၉၄
ဖိလစ်ပိုင်နိုင်ငံ ၃၀၁
စင်ကာပူနိုင်ငံ ၃၁၁
ထိုင်းနိုင်ငံ ၃၁၉
ဗီယက်နမ်နိုင်ငံ ၃၂၆

အခန်း (၄)

အခန်း (၅)

အာဆီယံ၏ အားသာချက်များနှင့် အားနည်းချက်များ ၃၃၃
အားသာချက်များ ၃၃၆
အားနည်းချက်များ ၃၄၆
ခြိမ်းခြောက်မှု ၃၅၉
အခွင့်အလမ်းများ ၃၇၀
နိဂုံး ၃၈၇

အခန်း (၅)

အခန်း (၆)

အာဆီယံ၏ငြိမ်းချမ်းရေးဆု ၃၈၉
ရှင်းလင်းပြတ်သားသော အကြံပြုတိုက်တွန်းချက် သုံးရပ် ၄၁၆

အခန်း (၆)

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြောင်း
အကြမ်းဖျင်းဖော်ပြခြင်း ၂၅၇
ဘရူနိုင်းနိုင်ငံ ၂၆၁
ကမ္ဘောဒီးယား ၂၆၆
အင်ဒိုနီးရှားနိုင်ငံ ၂၇၁
လာအိုနိုင်ငံ ၂၇၉
မလေးရှားနိုင်ငံ ၂၈၅
မြန်မာနိုင်ငံ ၂၉၄
ဖိလစ်ပိုင်နိုင်ငံ ၃၀၁
စင်ကာပူနိုင်ငံ ၃၁၁
ထိုင်းနိုင်ငံ ၃၁၉
ဗီယက်နမ်နိုင်ငံ ၃၂၆

အာဆီယံ၏ အားသာချက်များနှင့်
အားနည်းချက်များ ၃၃၃
အားသာချက်များ ၃၃၆
အားနည်းချက်များ ၃၄၆
ခြိမ်းခြောက်မှု ၃၅၉
အခွင့်အလမ်းများ ၃၇၀
နိဂုံး ၃၈၇

အာဆီယံ၏ငြိမ်းချမ်းရေးဆု ၃၈၉
ရှင်းလင်းပြတ်သားသော အကြံပြုတိုက်တွန်းချက်
သုံးရပ် ၄၁၆

ဘာသာပြန်သူ၏ အမှာစာ

ဤစာအုပ်သည် အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများ အသင်း၏ နှစ်ငါးဆယ်ခရီးသွားမှတ်တမ်းတစ်စောင်ဟုလည်း ဆိုနိုင်သည်။ ၁၉၆၇ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စတင်တည်ထောင်ခဲ့သည့် အာဆီယံအသင်းသည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် နှစ်ငါးဆယ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က အဖွဲ့ဝင်ငါးနိုင်ငံ (စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်)နှင့် စတင်ခဲ့ရသည့် အာဆီယံသည် ယခုအခါ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်ဆယ်နိုင်ငံအထိ တိုးလာခဲ့ပြီး အရှေ့တောင်အာရှရှိ ပြည်သူ ၆၅၀ သန်းက အားထားနေရသော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်နေလေပြီ။

ဤစာအုပ်တွင် အာဆီယံအသင်းလျှောက်လှမ်းလာခဲ့ရသည့် သမိုင်းကို အရှေ့တောင်အာရှနှင့် နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းတွင် နှစ်ပေါင်းများစွာ ကျင်လည်လာခဲ့ကြသည့် ဝါရင့်သံတမန်နှစ်ဦးဖြစ်ကြသော Kishore Mahbubani နှင့် Jeffery Sng တို့က ခရေစေ့တွင်းကျ ရှင်းပြထားသည်။ ဦးစီးဦးဆောင်ပြုခဲ့သည့် နိုင်ငံများမှခေါင်းဆောင်ပိုင်းက အမြော်အမြင်ကြီးမားစွာဖြင့် ရံဖန်ရံခါကြုံတွေ့လာရသည့်အဖွဲ့ဝင်နိုင်ငံချင်း သဘောထားကွဲလွဲမှုများ၊ အကြပ်အတည်းများကို ညှိနှိုင်းဖြေရှင်းရင်း စည်းလုံးညီညွတ်မှုတည်ဆောက်ခဲ့ရပုံများ၊ ပြည်သူများအကြား အာဆီယံ အသိုက်အဝန်းဟူသော ခံယူချက်ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပုံများကို အသေးစိတ်ဖော်ပြထားသည်။ ယဉ်ကျေးမှုမတူညီကြသည့် အဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်လျက် စီးပွားရေးရည်မှန်းချက်များ အောင်မြင်ရန်ကြိုးပမ်းရင်း ဒေသတွင်း

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြုနေသော အရေးပါသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်လာရပုံကို ၎င်းတို့ကတင်ပြထားသည်။ ထို့ပြင်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်း၏ ပထဝီနိုင်ငံရေးအခြေအနေ အသီးသီးကိုလည်း အကျဉ်းရုံး ဖော်ပြထားသည်ကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်သည်။

စာရေးသူများက အာဆီယံ၏ အားနည်းချက်များနှင့် လိုအပ်ချက်များကိုလည်း ထိန်ချန်မထားဘဲ ရိုးသားစွာအသိပေးဖော်ပြထားသည်။ ရံဖန်ရံခါ၌ အဖွဲ့ဝင်နှစ်နိုင်ငံအကြား ပေါ်ပေါက်လာသည့် ပဋိပက္ခတစ်ရပ်ရပ်ကို တိုးတိုးတိတ်တိတ် ဖြေရှင်းပေးနိုင်ခဲ့ပုံများကိုလည်း ပွင့်လင်းစွာတင်ပြထားသည်။ ထူးဆန်းသည်မှာ ၎င်း၏ အားနည်းချက်ကပင် အဖွဲ့ဝင်အချင်းချင်း ပိုမိုရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်လာစေရန် တွန်းအားတစ်ရပ်ဖြစ်လာလေ့ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း အာဆီယံက ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဆယ်စုနှစ်ငါးခုနီးပါး ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော် ဤအမှာစာကို ရေးနေရင်း ကျွန်တော့်မှတ်ဉာဏ်ထဲတွင် အတွေးစ တချို့ပေါ်လာသည်။ အာဆီယံကို စတင်ထူထောင်ခဲ့ကြသည့် ငါးနိုင်ငံအနက် ထိုင်းနိုင်ငံမှလွဲလျှင် ကျန်လေးနိုင်ငံသည် တိုင်းတစ်ပါးသား လက်အောက် ကျရောက်ခဲ့ဖူးသည့် နိုင်ငံများဖြစ်ကြသည်။ ထိုင်းနိုင်ငံကား နယ်ချဲ့လက်အောက် မကျရောက်ဖူးသကဲ့သို့ ဒုတိယ ကမ္ဘာစစ်ဒဏ်ကိုလည်း မခံစားခဲ့ရဖူးချေ။ အကြောင်းမှာ ထိုင်းလူမျိုးတို့ ကံကောင်းခြင်း သို့မဟုတ် ဉာဏ်ကောင်းခြင်းကြောင့်လည်း ဖြစ်ဖွယ်ရှိသည်။

ကျွန်တော်ဦးစွာ စဉ်းစားမိသည့်အချက်မှာ အဆိုပါ ငါးနိုင်ငံက အာဆီယံကို စတင်ထူထောင်ခဲ့သည့် ၁၉၆၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေမှာ ၎င်းတို့နှင့် ကွာခြားမှုမရှိလှသေးချေ။ သို့ဖြစ်၍ ၎င်းတို့နှင့်အတူ အဖွဲ့ဝင် အဖြစ်ပူးပေါင်းပါဝင်ရန် မြန်မာနိုင်ငံအား ၎င်းတို့က ဖိတ်ခေါ်ကမ်းလှမ်းခဲ့ဖူးသည်ဟု သိရသည်။ သို့ရာတွင် ထိုစဉ်က မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်တွင် အာဏာရလာခဲ့သည့် တော်လှန်ရေးကောင်စီက အုပ်ချုပ်နေသည်။ ထို တော်လှန်ရေးကောင်စီ အစိုးရသည် ၁၉၆၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ထူထောင်လိုက်သည်။ ထိုနှစ်ထဲမှာပင် ပုဂ္ဂလိကပိုင် စာသင်ကျောင်းများ၊ ကုန်စုံဆိုင်များ၊

ရုပ်ရှင်ရုံများနှင့် စက်ရုံအလုပ်ရုံများပါမကျန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းမှန်သမျှကို ပြည်သူပိုင်သိမ်းယူခဲ့သည်။ သို့သော် ယခင်ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက်က ချမှတ်ခဲ့သော စီးပွားရေးဆိုင်ရာမူဝါဒများ၏ လက်ကျန်တန်ဖိုး (residual value) ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ၁၉၆၀ ပြည့်လွန် အလယ်ပိုင်းနှစ်များရောက်လာသည့်တိုင် ကျဆင်းလာနေမှန်း မသိသေးချေ။

၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အာဆီယံကို စတင်ဖွဲ့စည်းတည်ထောင်ချိန်က ဆီးတိုး (SEATO) ခေါ် အရှေ့တောင်အာရှ စာချုပ်အဖွဲ့ (Southeast Asia Treaty Organization) ၏ ဌာနချုပ်သည်လည်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ပင် တည်ရှိနေသေးသည်။ ယင်း စစ်ရေးမဟာမိတ်အဖွဲ့ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် တရားဝင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်း၏ ဌာနချုပ်ကို ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပသော အစည်းအဝေး ဆုံးဖြတ်ချက်အရ ယင်းမြို့၌ပင်ထားရှိခဲ့ကြသည်။ ယင်း စစ်စာချုပ်အဖွဲ့တွင် အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ပြင်သစ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ (စုစုပေါင်းရှစ်နိုင်ငံ) ပါဝင်သည်။ သို့ရာတွင် ဆီးတိုး (SEATO) စစ်စာချုပ်အဖွဲ့သည် နေတိုး (ခေါ်) မြောက်အတ္တလန်တစ် စစ်စာချုပ်အဖွဲ့ (NATO) ကဲ့သို့ တက်ကြွစွာ သက်ဝင်လှုပ်ရှားနေသည့်အဖွဲ့ မဟုတ်ချေ။ ထို့ကြောင့် ယင်းအဖွဲ့ကို ၁၉၇၇ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် တရားဝင် ဖျက်သိမ်းခဲ့သည်။

မြန်မာနိုင်ငံသည် ဝန်ကြီးချုပ်ဦးနု၏ ပထစအစိုးရလက်ထက်က ၁၉၆၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အပြန်အလှန် မကျူးကျော်ရေး သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်တွင် မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ဆန့်ကျင်ရန် ပြုနေသည့်နိုင်ငံများ ပါဝင်သော မည်သည့်အုပ်စု သို့မဟုတ် အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းခြင်းမပြုရဟု ဖော်ပြပါရှိကြောင်း သိရသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်၌လည်း မြန်မာနိုင်ငံသည် တည့်မတ်၍ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်ဟု ကြေညာထားသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုက ဦးဆောင်သော ဆီးတိုးခေါ်

အရှေ့တောင်အာရှ စစ်စာချုပ်အဖွဲ့ဝင်နှစ်နိုင်ငံဖြစ်သည့် ထိုင်းနှင့် ဖိလစ်ပိုင်တို့ ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)က ၎င်းတို့နှင့် ပူးပေါင်းရန် မြန်မာနိုင်ငံအား ကမ်းလှမ်းချက်ကို မြန်မာနိုင်ငံ၏ တော်လှန်ရေးကောင်စီအစိုးရက မသိကျိုးကျွံပြုနေခဲ့သည်။

စင်စစ်တွင် မြန်မာနိုင်ငံသည် ယခင်ဝန်ကြီးချုပ်ဦးနု၏ ပထမအစိုးရ လက်ထက်က အာရှ-အာဖရိက နိုင်ငံများအကြား တင်းမာမှုလျော့ပါးရေးအတွက် ဦးစီးဦးဆောင်ပြုခဲ့သည့် ငါးနိုင်ငံတွင်ပါဝင်ခဲ့သည်။ ၎င်းတို့မှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ သီဟိုဠ် (ယခုသီရိလင်္ကာ)နှင့် မြန်မာနိုင်ငံတို့ ဖြစ်ကြသည်။ ထို ငါးနိုင်ငံဦးဆောင်၍ အာရှအာဖရိက ထိပ်သီး ညီလာခံကျင်းပနိုင်ရေးအတွက် ရှေ့ပြေးညီလာခံကို သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ၊ ကိုလံဘိုမြို့တွင် ၁၉၅၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်၌ ကျင်းပခဲ့သည်။ ယင်းညီလာခံမှစ၍ ဘန်ဒေါင်းညီလာခံ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် အာရှ-အာဖရိက ထိပ်သီးညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၁-၂၄ ရက်အထိ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံအစိုးရသည် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲအတည်ပြုပြီး တစ်ပါတီစနစ်ဖြင့် ဆက်လက်အုပ်ချုပ်ခဲ့သည်။ ထိုစဉ်မှစ၍ တံခါးပိတ်ဝါဒကျင့်သုံးကာ ပြင်ပကမ္ဘာနှင့် ဆက်ဆံမှုနည်းပါးလာခဲ့သည်။ ယင်း မဆလ (ခေါ်) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်မှာပင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အနေးကွေးဆုံးနိုင်ငံ (Least Developed Country-LDC) စာရင်းဝင်နိုင်ငံဘဝသို့ သက်ဆင်း ရောက်ရှိခဲ့ရလေသည်။

ထို့နောက် ၁၉၈၉ ခုနှစ်တွင် အာဏာရလာခဲ့သည့် တပ်မတော် အစိုးရလက်ထက်တွင် ပြင်ပကမ္ဘာနှင့် ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် သက်တမ်း နှစ် ၂၀ ကျော်လာခဲ့ပြီဖြစ်သည်။ လက်ရှိပြည်သူ့အစိုးရနှင့် ပြည်သူအပေါင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတစ်ရပ်တွင် အခက်အခဲအမျိုးမျိုးနှင့် စိန်ခေါ်မှုများစွာကို ပင်ပန်းကြီးစွာ ရင်ဆိုင်ကျော်လွှားနေရသည်။ နှစ်ပေါင်း ခုနစ်ဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အမြန်ဆုံးချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်နှင့် ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရန် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးတွဲညှိနှိုင်းဆွေးနွေးနေကြသည်။ ထို့အတူ အလွန်ရှုပ်ထွေးသည့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် ပြည်ပမှ ဝင်ရောက်စွက်ဖက် ဖိအားပေးရန် ကြိုးပမ်းလာမှုများကိုလည်း အစိုးရက သံတမန်နည်းလမ်းအရ ဖြေရှင်းနေရသည်။ သို့ရာတွင် အာဆီယံအတွင်းရှိ မိတ်ဆွေနိုင်ငံအချို့၏ ထောက်ခံအားပေးမှုကြောင့် လက်တလော ရင်ဆိုင်နေရသည့် အကြပ်အတည်းများကို ဖြည်းဖြည်းချင်း ဖြေရှင်းသွားနိုင်မည်ဟု ယူဆရသည်။

နိဂုံးချုပ်အားဖြင့် တင်ပြလျှင် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအပေါ် ထားရှိသည့် သဘောထားအမြင်များသည် တစ်ဦးနှင့်တစ်ဦး ကွဲလွဲမှုများရှိကောင်းရှိမည်ဖြစ်သော်လည်း အာဆီယံအသိုက်အဝန်းဟူသော စိတ်ဓာတ်လွှမ်းခြုံထားသည့် ဤအာဆီယံအဖွဲ့သည် မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

စေတနာ၊ မေတ္တာဖြင့်
မောင်ဝင့်သူ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်
ရန်ကုန်မြို့။